အဖြေ ။ ။ ﴾لَحْنِ خَفِىْ﴿ ဆိုသည်မှာ “အက္ခရာများ၏ လှပတင့်တယ်မှု ပပျောက်သွားလောက်အောင် ဖတ်ရွတ်ခြင်းဖြစ်လေသည်။ (သဘောမှာ) ညည်းဖတ်ရမည့်နေရာတွင် မညည်းဘဲ၊ မညည်းရမည့်နေရာတွင် ညည်းဖတ်လိုက်ခြင်း’ စသည့် အမှားများကို ﴾لَحْنِ خَفِىْ﴿ခေါ် **‘သာမန်အမှား၊ မထင်ရှားသောအမှား’** ဟု ခေါ်ပါသည်။

အမေး ။ ။ ﴿لَحْنٌ خَفِيٌّ﴾ 'သာမန်အမှား၊ မထင်ရှားသောအမှား' ၏ အမိန့်မှာ အဘယ်နည်း။

အဖြေ ။ ။ မထင်ရှားသောအမှားဖြင့် ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်းမှာ ﴿مَكْرُوْهٌ﴾ **'မက္ကရူးဟ်'** ဖြစ်ပါသည်။ အပြစ်ပေးခံရမည်ကို စိုးရိမ်ရသည်။

အမေး ။ ။ ကျမ်းမြတ်ကုရ်အာန်ဖတ်ရွတ်ခြင်း၏ မွန်မြတ်မှုနှင့်ပတ်သက်၍ မည်သို့သိရှိနိုင်မည်နည်း။

အဖြေ ။ ။ ရှိုင်ခုလ်ဟဒီးဆ် ဟဇရတ် မော်လာနာ ဇကရီယာ ﴿رح﴾ သခင် ရေးသားပြုစုထားသော ဖွဿာအေလေကုရ်အာန်ကျမ်းကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။ ယင်းကျမ်း၌ ဥပဒေမဲ့စွာ ဖတ်ရွတ်ခြင်း၏ ဆုံးရှုံးမှု၊ ဖတ်ရွတ်သည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များ အသေးစိတ်ကို လေ့လာနိုင်သည်။

﴿اِسْتِعَاذَةٌ﴾ နှင့် ﴿بَسْمَلَةٌ﴾ အကြောင်း

အမေး ။ ။ ကျမ်းမြတ်ကုရ်အာန် မဖတ်ခင် မည်သည့်စာပိုဒ်အား ဖတ်ရန် လိုအပ်ပါသနည်း။

အဖြေ ။ ။ ﴿اِسْتِعَاذَةٌ﴾ ခေါ် 'ခိုလှုံခွင့်တောင်းခံသည့်စာပိုဒ်' (သဘောမှာ) - ﴿اَعُوْذُ بِاللّٰهِ مِنَ الشَّيْطَانِ الرَّجِيْمِ﴾ ဖတ်ရန် လိုအပ်ပါသည်။

အမေး ။ ။ ﴿اِسْتِعَاذَةٌ﴾ခေါ် 'ခိုလှုံခွင့်တောင်းခံသည့်စာပိုဒ်' ဖတ်ရန် အရေးကြီးပါသလား။

အဖြေ ။ ။ ﴿اِسْتِعَاذَةٌ﴾ ခေါ် 'ခိုလှုံခွင့်တောင်းခံသည့်စာပိုဒ်' ဖတ်ရန် အရေးကြီးပါသည်။

အမေး ။ ။ ﴿بَسْمَلَةٌ﴾ ဖတ်ခြင်းမှာ အဘယ်သို့နည်း။

အဖြေ ။ ။ 'စူရဟ်သောင်ဗ်ဗဟ်' မှ အပ အခြားစူရဟ်တိုင်း၏ အစတွင် -

﴿بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ﴾ ဖတ်ရန် အရေးကြီးပါသည်။ ဂျုဇ်၏ အစနှင့် အာယသ်များတွင် ဖတ်ရန် အရေးမကြီးပါ။ ဗရ်ကသ်ရရှိရန် ဖတ်ခြင်းမှာ ကောင်းမွန်ပါသည်။

အမေး ။ ။ စူရဟ်၏ အလယ်မှ (သို့) ရကူအ်၏ အစ (သို့) အာယသ်တစ်ခုခုမှ ကျမ်းမြတ်ကုရ်အာန် စဖတ်လျှင် ﴿بِسۡمِ اللّٰهِ﴾ ဖတ်ရန် လိုအပ်ပါသလား။

အဖြေ ။ ။ မေးခွန်းပါ နေရာများ၌ ﴿بِسۡمِ اللّٰهِ﴾ ဖတ်ရန် အရေးမကြီးပါ။ ဖတ်လိုပါက ဖတ်နိုင်ပြီး မဖတ်လျှင်လည်း ခွင့်ပြုချက် ရှိပါသည်။ သို့သော် ဗရ်ကသ်မင်္ဂလာ ရရှိစေရန် အလို့ငှာ ဖတ်ခြင်းသည် ကောင်းမွန်ပါသည်။

အမေး ။ ။ စူရဟ်တစ်ခုမှ စဖတ်သောအခါ ﴿اَعُوۡذُ﴾ နှင့် ﴿بِسۡمِ اللّٰهِ﴾ ဖတ်သောပုံစံ မည်မျှရှိပါသနည်း။

အဖြေ ။ ။ ပုံစံ (၄) မျိုး ရှိပါသည်။

၁။ ﴿فَصۡلِ كُلّ﴾ ၃။ ﴿فَصۡلِ اَوَّلۡ وَصۡلِ ثَانِىۡ﴾

၂။ ﴿وَصۡلِ كُلّ﴾ ၄။ ﴿وَصۡلِ اَوَّلۡ فَصۡلِ ثَانِىۡ﴾ တို့ဖြစ်ပါသည်။

အမေး ။ ။ ﴿فَصۡلِ كُلّ﴾ ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ﴿سُوۡرَهۡ - بِسۡمِ اللّٰهِ - اَعُوۡذُ﴾ သုံးခုကို သီးခြားစီ အသက်ရှူ ဖြတ်တောက်၍ 'နားနားပြီး' ဖတ်ခြင်းကိုခေါ်ပါသည်။

ဥပမာ - ﴿الرَّجِيۡمْ - الرَّحِيۡمْ ○ اَلۡحَمۡدُ لِلّٰهِ﴾

အမေး ။ ။ ﴿وَصْلِ كُلّ﴾ ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ﴿سُوْرَهْ - بِسْمِ اللهِ - اَعُوْذُ﴾ သုံးခုကို ပေါင်း၍ အသက်တစ်ရှူတည်းတွင် 'မနားဘဲ' ဆက်ဖတ်ခြင်းကို ခေါ်ပါသည်။

ဥပမာ - ﴿الرَّجِيْمِ بِسْمِ اللهِ الرَّحْمٰنِ الرَّحِيْمِ اَلْحَمْدُ لِلّٰهِ﴾

အမေး ။ ။ ﴿فَصْلِ اَوَّلْ وَصْلِ ثَانِىْ﴾ ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ﴿اَعُوْذُ﴾ ကို ပထမအသက်တစ်ရှူ၌ ဖတ်ပြီး ﴿بِسْمِ اللهِ﴾ နှင့် ﴿سُوْرَهْ﴾ ကို ဒုတိယ အသက်တစ်ရှူတွင် တွဲ၍ဖတ်ခြင်းကို ခေါ်ပါသည်။

ဥပမာ - ﴿الرَّجِيْمْ ○ بِسْمِ اللهِ الرَّحْمٰنِ الرَّحِيْمِ اَلْحَمْدُ لِلّٰهِ﴾

အမေး ။ ။ ﴿وَصْلِ اَوَّلْ فَصْلِ ثَانِىْ﴾ ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ﴿اَعُوْذُ﴾ နှင့် ﴿بِسْمِ اللهِ﴾ ကို ပထမအသက်တစ်ရှူတွင် တွဲ၍ ﴿سُوْرَهْ﴾ ကို ဒုတိယ အသက်တစ်ရှူတွင် ခွဲဖတ်ခြင်းကို ခေါ်ပါသည်။

ဥပမာ - ﴿الرَّجِيْمِ بِسْمِ اللهِ الرَّحْمٰنِ الرَّحِيْمْ ○ اَلْحَمْدُ لِلّٰهِ﴾

အမေး ။ ။ အထက်ပါ ပုံစံ (၄) မျိုးဖြင့် ﴿اَعُوْذُ - بِسْمِ اللهِ نှင့် سُوْرَهْ﴾ တို့ကို တွဲဖတ်ခွင့် ရှိပါသလား။

အဖြေ ။ ။ ဖော်ပြပါ ပုံစံ (၄) မျိုးဖြင့် ﴿اَعُوْذُ - بِسْمِ اللهِ﴾ နှင့် ﴿سُوْرَهْ﴾ တို့ကို ဖတ်ပိုင်ခွင့် ရှိပါသည်။

အမေး ။ ။ စူရဟ် (၁) ပုဒ်ဆုံး၍ အခြားစူရဟ်တစ်ပုဒ် အစပြုသောအခါ ပုံစံမည်မျှ ရှိပါသနည်း။

အဖြေ ။ ။ အထက်ပါ ပုံစံ အတိုင်းပင် (၄) မျိုး ရှိပါသည်။ သို့သော် ယင်းပုံစံ (၄) မျိုးအနက် ပုံစံ (၃) မျိုးမှာ ဖတ်ပိုင်ခွင့်ရှိပြီး ပုံစံ (၁) မျိုးမှာ ဖတ်ပိုင်ခွင့်မရှိပါ။ ယင်းတို့မှာ -

(၁) စူရဟ်၏အဆုံးအာယသ်၊ ﴾بِسۡمِ ٱللَّهِ﴿ နှင့် အခြားစူရဟ်၏အစ၊ (၃) ခုလုံးကို သီးခြားစီ အသက်ရှူဖြတ်တောက်၍ **'နားနားပြီး'** ဖတ်ခြင်း။

(၂) စူရဟ်၏အဆုံးအာယသ်၊ ﴾بِسۡمِ ٱللَّهِ﴿ နှင့် အခြားစူရဟ်၏အစ၊ (၃) ခုလုံးကို အသက်တစ်ရှူတည်းတွင် ဆက်၍ **'မရပ်နားဘဲ'** ဖတ်ခြင်း။

(၃) စူရဟ်၏အဆုံးကို သီခြားဖတ်ပြီး ﴾بِسۡمِ ٱللَّهِ﴿ နှင့် အခြားစူရဟ်ကို တွဲ၍ဖတ်ခြင်း စသည့် ပုံစံ (၃) မျိုးတို့မှာ ဖတ်ခွင့်ရှိပြီး။

(၄) စူရဟ်၏ အဆုံးနှင့် ﴾بِسۡمِ ٱللَّهِ﴿ ကိုတွဲ၍ ပထမ အသက်တစ်ရှူတွင်ဖတ်ပြီး အခြားစူရဟ်၏အစကို ဒုတိယ အသက်တစ်ရှူတွင် ဖတ်ခြင်းမှာ မပိုင်ပါ။ ဤအခန်းကို သင်ကြားသူ ဆရာအနေဖြင့်ကလေးများနားလည်ရန် ဥပမာများဖြင့် ရှင်းပြရန် လိုအပ်ပါသည်။

ဥပမာ - ﴾وَلَا ٱلضَّآلِّينَ بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ ۝ الٓمٓ﴿

အမေး ။ ။ ကျမ်းမြတ်ကုရ်အာန် ရွတ်ဖတ်ရင်း စကားတစ်ခွန်းခွန်း (တစ်စုံတစ်ရာ) ပြောဆိုမိပါက ﴾أَعُوذُ﴿ ပြန်ဖတ်ရန် လိုအပ်ပါသလား။

အဖြေ ။ ။ ကျမ်းမြတ်ကုရ်အာန် ရွတ်ဖတ်ရင်း စကားတစ်ခွန်းခွန်း ပြောဆိုခြင်း၊ **'သိလာဝသ်'**နှင့် မသက်ဆိုင်သောကိစ္စ တစ်စုံတစ်ရာ ဆောင်ရွက်ခြင်း၊ **'စလာမ်'**၏ အဖြေပေးခြင်းပင် ဖြစ်လင့်ကစား ﴾أَعُوذُ﴿ ဖတ်ပြီးမှ 'သိလာဝသ်' ပြန်စရန် အရေးကြီးပါသည်။

မှတ်ချက် - ﴾وَصَل فَصَل﴿ နှင့်ပတ်သက်၍ အသေးစိတ်ကို အခြားကျမ်းကြီးများ၌ လေ့လာပါ။

﴿مَخَارِجُ الْحُرُوْفِ﴾ အကြောင်း

ဗျည်းအက္ခရာများ၏ အသံထွက်သောနေရာများနှင့် ပတ်သက်၍ ရှေ့အတွဲများတွင် ဖတ်ခဲ့ပြီး ဖြစ်သည်။

အမေး ။ ။ ဗျည်းအက္ခရာများ ထွက်ပေါ်သည့်နေရာများကို အသေးစိတ်ဖော်ပြပါ။

အဖြေ ။ ။ ဗျည်းအက္ခရာများသည် (၁၇) နေရာမှ ထွက်ပါသည်။ ၎င်းနေရာများမှာ - 'လည်ချောင်း' တွင် (၃) နေရာ၊ 'လျှာ' တွင် (၁၀) နေရာ၊ 'နှုတ်ခမ်း' တွင် (၂)နေရာ၊ 'ပါးစပ်၏ လေဟာနယ်' တွင် (၁) နေရာ၊ နှာခေါင်းအတွင်း 'နှာနု'တွင် (၁) နေရာ စုစုပေါင်း (၁၇)နေရာ ဖြစ်ပါသည်။ လည်ချောင်း (၃)နေရာမှ ဗျည်းအက္ခရာ (၆)လုံး၊ 'လျှာ' (၁၀)နေရာမှ ဗျည်းအက္ခရာ (၁၈) လုံး၊ နှုတ်ခမ်း (၂)နေရာမှ ဗျည်းအက္ခရာ (၄)လုံး၊ ပါးစပ်၏လေဟာနယ်မှ 'မဒ်'အက္ခရာ (၃)လုံး၊ နှာခေါင်းအတွင်း 'နှာနု'မှ ညည်းသံများ ထွက်ပေါ်သည်ကို အသေးစိတ် မှတ်သားရမည်။

အမေး ။ ။ **'လည်ချောင်း'**အတွင်းရှိနေရာများနှင့်ထွက်ပေါ်သော'ဗျည်းအက္ခရာ'များကို ဖော်ပြပါ။

အဖြေ ။ (၁) ။ ﴿اَقْصَى الْحَلْقِ﴾ခေါ် **'လည်ချောင်း'**၏အောက်ဆုံးအပိုင်း(ရင်ဘတ်ဖက်)မှ ﴿ء နှင့် ه﴾

။ (၂) ။ ﴿وَسْطُ الْحَلْقِ﴾ခေါ် **'လည်ချောင်း'**၏ အလယ်ဗဟိုမှ ﴿ع နှင့် ح﴾

။ (၃) ။ ﴿اَدْنَى الْحَلْقِ﴾ခေါ် **'လည်ချောင်း'**၏ အစ (ပါးစပ်ဖက်) မှ ﴿غ နှင့် خ﴾ စုစုပေါင်း အက္ခရာ (၆) လုံး ထွက်ပါသည်။ ၎င်းအက္ခရာများကို ﴿حُرُوْفِ حَلْقِى﴾ ခေါ် **'လည်ချောင်း'**မှ ထွက်သောအက္ခရာများဟု ခေါ်ပါသည်။

အမေး ။ ။ လျှာ၏ နေရာများမှ ထွက်ပေါ်သော ဗျည်းအက္ခရာများကို ဖော်ပြပါ။

အဖြေ ။ ။ လျှာ၏ (၁၀) နေရာအနက် (၃) နေရာသည် 'လျှာ'နှင့် အပေါ် အာခေါင်ထိ၍ အက္ခရာ (၅)လုံး ထွက်သည်ကို ဖော်ပြပါမည်။

(၁) ﴿اَقْصَى اللِّسَانِ﴾ခေါ် လျှာ၏ အဆုံး'အတွင်းပိုင်း' (ရင်ဘတ်ဖက်) သည် ၎င်း၏ မျက်နှာချင်းဆိုင်ရှိ အပေါ် အာခေါင်နှင့် ထိ၍ ﴿ق﴾

(၂) ﴿اَقْصَى اللِّسَانِ﴾ခေါ် လျှာ၏ အဆုံး'အပြင်ပိုင်း' (ပါးစပ်ဖက်) သည် ၎င်း၏ မျက်နှာချင်းဆိုင်ရှိ အပေါ် အာခေါင်နှင့် ထိ၍ ﴿ك﴾ထွက်ပါသည်။ ၎င်းအက္ခရာ(၂) လုံးကို ﴿حُرُوْفِ لَهَاتِيَّةْ﴾ သို့မဟုတ် ﴿لَهَوِيَّةْ﴾ ခေါ် လျှာခင်အနားမှ ထွက်သော အက္ခရာများဟု ခေါ်ပါသည်။

(၃) ﴿وَسْطُ اللِّسَانِ﴾ ခေါ် လျှာ၏ အလယ်သည် ၎င်း၏ မျက်နှာချင်းဆိုင် အပေါ် အာခေါင်နှင့်ထိ၍ ﴿ج ، ش﴾နှင့် မဒ်မဟုတ်သော ﴿ي﴾အက္ခရာ(၃) လုံး ထွက်ပါသည်။ ၎င်းအက္ခရာများကို ﴿حُرُوْفِ شَجَرِيَّةْ﴾ ခေါ် ပါးစပ်ပိတ်ထားသော အခြေအနေ၌လည်း ပွင့်ဟနေသော အာခေါင်နေရာမှ ထွက်သော အက္ခရာ များဟု ခေါ်ပါသည်။

အမေး ။ ။ လျှာသည် သွားများနှင့်ထိ၍ မည်သည့်အက္ခရာများ ထွက်ပါသနည်း။

အဖြေ ။ ။ လျှာ၏ (၁၀) နေရာအနက် (၇) နေရာမှာ သွားများနှင့် ထိ၍ အက္ခရာ (၁၃) လုံး ထွက်ပါသည်။

အမေး ။ ။ သွားများ၏ နေရာနှင့် အမည်များကို ဖော်ပြပါ။

အဖြေ ။ ။ အထက်ပါ အက္ခရာ (၁၃) လုံးထွက်သောနေရာများသည် သွားများနှင့် သက်ဆိုင်သည့်အတွက် သွားအကြောင်းကို အနည်းငယ်တင်ပြရန် လိုအပ်ပါသည်။ လူသား၏

ပါးစပ်အတွင်း၌ အများအားဖြင့် သွား (၃၂) ချောင်း ရှိပါသည်။ အပေါ်၌ (၁၆) ချောင်း၊ အောက်ဘက်(၁၆)ချောင်းတို့ဖြစ်သည်။ ရှေ့တည့်တည့်မှ အပေါ်/အောက် သွား(၄) ချောင်းကို 《ثَنَايَا》၊ အပေါ်သွား (၂)ချောင်းကို 《ثَنَايَاعُلْيَا》၊ အောက်သွား(၂)ချောင်းကို 《ثَنَايَاسُفْلٰى》ဟုလည်းကောင်း၊ ၎င်း《ثَنَايَا》 နှင့် ပူးကပ်လျက် အပေါ်/အောက် ဘယ်နှင့်ညာသွား(၄)ချောင်းကို 《رَبَاعِيَّاتٌ》 ဟုလည်းကောင်း၊ ၎င်း 《رَبَاعِيَّاتٌ》 သွားများနှင့် ပူးကပ်လျက် အပေါ်/အောက် ဘယ်နှင့်ညာ သွား(၄)ချောင်းကို 《اَنْيَابٌ》 'သွားစွယ်' ဟုလည်းကောင်း၊ ၎င်း 《اَنْيَابٌ》 သွားများနှင့် ပူးကပ်လျက် အပေါ်/အောက် ဘယ်နှင့်ညာ သွား(၄) ချောင်းကို 《ضَوَاحِكٌ》 'အံထိပ်သွား' ဟုလည်းကောင်း၊ ၎င်း《ضَوَاحِكٌ》 သွားများနှင့် ပူးကပ်လျက် အပေါ်/အောက် ဘယ်နှင့်ညာ သွား (၃)ချောင်းစီ စုစုပေါင်း သွား (၁၂)ချောင်းကို 《طَوَاحِنٌ》 'အံလယ်သွား' ဟုလည်းကောင်း၊ ၎င်း 《طَوَاحِنٌ》 သွားများနှင့် ပူးကပ်လျက် အပေါ်/အောက် ဘယ်နှင့်ညာ သွား (၄)ချောင်းကို 《نَوَاجِذٌ》 'အံဆုံးသွား' ဟု လည်းကောင်း၊ တစ်ဖန် 《ضَوَاحِكٌ - طَوَاحِنٌ》 နှင့် 《نَوَاجِذٌ》 သွားအချောင်း (၂၀) ကို 《اَضْرَاسٌ》 ဟု အသီးသီး ခေါ်ဆိုပါသည်။

အမေး ။ ။ လျှာနှင့် သွားများထိ၍ ထွက်သောအက္ခရာ (၁၃)လုံးကို ဖော်ပြပါ။

အဖြေ ။ ။ 《اَقْصٰى حَافَةِ اللِّسَانِ》 ခေါ် လျှာ၏အတွင်းဘေးစောင်းသည် အပေါ်အံသွား (၅) ချောင်း၏ အရင်းနှင့်ထိသောအခါ 《ض》 ထွက်ပါသည်။ ညာဘက်မှလည်းကောင်း၊ ဘယ်ဘက်မှလည်းကောင်း (သို့) နှစ်ဖက်လုံးမှ တစ်ပြိုင်တည်းဖြစ်စေ ထုတ်ဖတ်နိုင်ပါသည်။ သို့သော် ဘယ်ဘက်မှ လွယ်ကူ၍ နှစ်ဖက်လုံးမှ တစ်ပြိုင်တည်း ထုတ်ဖတ်ခြင်းမှာ အလွန်ခက်ခဲပါသည်။ 《ض》 အက္ခရာအား ထုတ်သော

အခါ လျှာ၏ ထိပ်ဖျားသည် အထက်ရှေ့သွားများနှင့် လုံးဝမထိရပါ။ ၎င်းအက္ခရာအား 《حَرْف حَافِيَة》 ခေါ် လျှာ၏ဘေးစောင်းမှ ထွက်သောအက္ခရာ ဟု ခေါ်ပါသည်။

《اَدْنَى حَافَة مَعَ طَرَفِ لِسَان》 ခေါ် လျှာ၏ထိပ်နှင့် လျှာ၏ရှေ့အဖျားပိုင်းသည် အပေါ်ရှေ့သွား (၈)ချောင်း၏ သွားဖုံးနှင့်ထိသောအခါ 《ل》ထွက်ပါသည်။ 《ل》 အက္ခရာသည်လည်း 《ض》ကဲ့သို့ ဘယ်ညာ(သို့) နှစ်ဖက်လုံးမှ တစ်ပြိုင် တည်း ထုတ်ဖတ်နိုင်ပါသည်။ အများအားဖြင့် ညာဘက်မှ ထုတ်ဖတ်ကြပါသည်။

နှုတ်လျှာအဖျားပိုင်းသည် အပေါ်ရှေ့သွား (၆)ချောင်း၏ သွားဖုံးနှင့်ထိ၍ 《ن》 အက္ခရာ ထွက်ပါသည်။

လျှာအဖျားပိုင်းနှင့် (လျှာ၏နောက်ကျောအစိတ်အပိုင်းအနည်းငယ်သည်) ရှေ့ပိုင်း အပေါ်သွား (၄)ချောင်း၏ သွားဖုံးနှင့်ထိ၍ 《ر》 အက္ခရာ ထွက်ပါသည်။ အထက်ပါ 《ل ، ن ، ر》 အက္ခရာ (၃)လုံးအား 《حُرُوْف طَرَفِيَّة》 (သို့) 《حُرُوْف ذَلْقِيَّة》ခေါ် လျှာ၏ အဖျားပိုင်းမှ လွယ်ကူစွာထွက်သော အက္ခရာများ ဟု ခေါ်ပါသည်။

လျှာ၏ ထိပ်သည် ရှေ့ပိုင်း အပေါ်သွား(၂)ချောင်း၏ အရင်းနှင့်ထိ၍《ط ، د ، ت》 အက္ခရာ (၃)လုံး ထွက်ပါသည်။ ၎င်းတို့ကို 《حُرُوْف نِطْعِيَّة》 ခေါ် အာခေါင်နှင့် ကပ်နေသော ရှေ့ အပေါ်သွား (၂)ချောင်း၏ အရင်းဖက်မှ ထုတ်ရသော အက္ခရာများဟု ခေါ်ပါသည်။

လျှာ၏ ထိပ်သည် ရှေ့ပိုင်း အပေါ်သွား (၂) ချောင်း၏ အတွင်းအနားနှင့်ထိ၍ 《ظ ، ذ ، ث》 အက္ခရာ (၃)လုံး ထွက်ပါသည်။ ၎င်းတို့ကို 《حُرُوْف لِثَوِيَّة》 ခေါ် သွားဖုံးအနီးမှ ထုတ်ရသော အက္ခရာများဟု ခေါ်ပါသည်။

လျှာ၏ ထိပ်ကို အပေါ်/အောက် သွား (၄) ချောင်း၏ အတွင်းဘက် မျက်နှာချင်းဆိုင် နေရာ၌ထားပြီး ﴿ص ، س ، ز﴾ အက္ခရာ (၃)လုံးထုတ်ရပါသည်။ လျှာ၏ ထိပ်စသည် သွားများနှင့် ပူးကပ်မနေဘဲ လျှာနှင့် သွား၏ကြား၌ အနည်းငယ်ခြားလျက်ရှိရမည်။ ၄င်းတို့ကို ﴿حُرُوْفِ صَفِيْرَهْ﴾ ခေါ် **'စူးရှသံ'** ဖြင့် ဖတ်ရသောအက္ခရာများဟု ခေါ်ပါသည်။

မှတ်ချက် - အထက်ပါ အက္ခရာ (၁၃)လုံးသည် 'လျှာ' နှင့် 'သွား' ထိ၍ထွက်သော အက္ခရာများဖြစ်ပါသည်။

အမေး ။ ။ နှုတ်ခမ်း (၂) နေရာမှ မည်သည့်အက္ခရာများ ထွက်ပါသနည်း။

အဖြေ ။ ။ (၁) အောက်နှုတ်ခမ်း၏ စိုသောအပိုင်းနှင့် အပေါ်ရှေ့သွား (၂)ချောင်း၏ ထိပ်နှင့်ထိ၍ ﴿ف﴾ ထွက်ပါသည်။

(၂) နှုတ်ခမ်း (၂) ခုမှ ﴿ب ، م﴾ နှင့် **'မဒ်'** မဟုတ်သော ﴿و﴾ ထွက်ပါသည်။ ၄င်း ﴿ف ، ب ، م ، و﴾ အက္ခရာ (၄)လုံးအား ﴿حُرُوْفِ شَفَوِيَّهْ﴾ ခေါ် နှုတ်ခမ်းမှထွက်သော အက္ခရာများဟု ခေါ်ပါသည်။

အမေး ။ ။ ﴿ب ، م ، و﴾ ထွက်သောနေရာတွင် ကွာခြားချက်များ ရှိပါသလား။

အဖြေ ။ ။ အနည်းငယ် ကွာခြားချက်ရှိပါသည်။ ﴿ب﴾နှင့် ﴿م﴾ တွင် ﴿ب﴾ သည် နှုတ်ခမ်း၏ စိုသောအပိုင်း အတွင်းပိုင်းနှစ်ခုထိပြီး၊ ﴿م﴾ သည် နှုတ်ခမ်း၏ ခြောက်သွေ့သော အပြင်ပိုင်း (၂)ခုထိပြီး ထုတ်ရပါသည်။ သို့သော် ﴿و﴾ သည် နှုတ်ခမ်း၏ ဘေးနှစ်ခု ထိပြီး အလယ်တွင် ပွင့်လျက် 'ဝလုံး' ပုံစံဖြင့် ဝိုင်း၍ ထုတ်ရပါသည်။

အမေး ။ ။ ပါးစပ်၏ လေဟာနယ်မှ မည်သည့်အက္ခရာများ ထွက်ပါသနည်း။

အဖြေ ။ ။ ﴾جَوْفْ﴿ခေါ် ပါးစပ်၏ လေဟာနယ် (အာမထိ လျှာမထိ) နေရာမှ ﴾اَلِفْ﴿ ဆွဲဖတ်ရသော ﴾و﴿ နှင့် ဆွဲဖတ်ရသော ﴾ي﴿ အက္ခရာ (၃) လုံး ထွက်ပါသည်။ ၄င်းတို့အား

(၁) ﴾حُرُوْفِ مَدَّه﴿ ခေါ်ဆွဲဖတ်ရသောအက္ခရာ၊

(၂) ﴾حُرُوْفِ هَوَائِيَّه﴿ ခေါ် အသံ၏အဆုံးသည် လေပေါ်၌သာကုန်ဆုံးသော အက္ခရာ၊

(၃) ﴾حُرُوْفِ جَوْفِيَّه﴿ ခေါ် 'လည်ချောင်း၊ လျှာ၊ နှုတ်ခမ်း'တို့၏ လေဟာနယ် နေရာများမှ ထုတ်ဖတ်ရသော အက္ခရာများဟု ခေါ်ပါသည်။

အမေး ။ ။ နှာနုအတွင်းမှ မည်သည့်အက္ခရာများ ထွက်ပါသနည်း။

အဖြေ ။ ။ ﴾خَيْشُوْمْ﴿ ခေါ် နှာခေါင်းအရင်း **'နှာနုအတွင်း'** မှ ﴾غُنَّه﴿ ခေါ် ညည်းသံများ ထွက်ပါသည်။ သဘောမှာ - ﴾ن﴿နှင့် ﴾م﴿တွင် **'သရှ်ဒီးဒ်'** ရှိသောအခါ၌လည်းကောင်း၊ ﴾ن﴿ နှင့် ﴾م﴿အား ﴾اِخْفَاءْ﴿ သို့မဟုတ် ﴾اِدْغَامْ نَاقِصْ﴿ ပြုသောအခါ ထွက်ပေါ်လာသော ညည်းသံများကို ဆိုလိုပါသည်။

﴿مُسْتَعْلِيَّهْ﴾ နှင့် ﴿مُسْتَفِلَهْ﴾ အကြောင်း

အမေး ။ ။ ﴿مُسْتَعْلِيَّهْ﴾ ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ﴿مُسْتَعْلِيَّهْ﴾ အကြောင်းကို ရှေ့အတွဲများတွင် ဖတ်ပြီးခဲ့ပြီးဖြစ်သည်။ ဤနေရာတွင် မှတ်သားဖွယ် အချို့အချက်များကို တင်ပြပါမည်။

﴿مُسْتَعْلِيَّهْ﴾ အက္ခရာ (၇)လုံး အနက် ﴿ق ، غ ، خ﴾ အက္ခရာ (၃)လုံးတွင် ﴿ـَ﴾ ဇေးရ် ရှိပါက (သို့) ﴿ـِ﴾ ဇေးရ်ရှိသော အက္ခရာနှင့် ပေါင်းခြင်းခံရပါက ၄င်းတို့ကို ﴿ص ، ض ، ط ، ظ﴾ ကဲ့သို့ အသံပြည့်ပြည့် မဖတ်ဘဲ (သဘောမှာ - 'ပွရ်'အနည်းဆုံး) အသံပါးပါးဖြင့်သာ ဖတ်ရွတ် ရပါမည်။

ဥပမာ - ﴿اَقْرِغْ ، لَاتُزِغْ ، غِشَاوَةٌ ، اَلْمُسْتَقِيْمَ۝﴾

﴿مُسْتَعْلِيَّهْ﴾ အက္ခရာများကို ရွတ်ဖတ်သောအခါ လျှာ၏ အရင်းပိုင်း (သို့) လျှာ၏ အလယ်ပိုင်းကို အပေါ် အာခေါင်ဘက်သို့ မြှင့်တင်ပြီး ဖတ်ရမည့်အစား နှုတ်ခမ်းများကို **'လုံးဝိုင်း'** လိုက်ခြင်းနှင့် ချွန်ထားခြင်းတို့မှာ မှန်ကန်မှုမရှိပါ။ အဘယ်ကြောင့် ဆိုသော် ၄င်းအက္ခရာများသည် နှုတ်ခမ်းမှထွက်သောအက္ခရာများ မဟုတ်သောကြောင့် ဖြစ်ပါသည်။

အမေး ။ ။ ပါးစပ်အပြည့် ဖတ်ရမည့် အက္ခရာများကို ပုံစံတစ်ခုတည်းဖြင့် ပါးစပ်အပြည့် ဖတ်ရမည်လား။ (သို့မဟုတ်) အဆင့်များ ခွဲခြားသတ်မှတ်ထားပါသလား။

အဖြေ ။ ။ အဆင့်များခွဲခြား သတ်မှတ်ထားပါသည်။ ﴿لَامِاِسْمِ جَلَالَهْ﴾ ခေါ် ﴿اَللّٰهُ﴾ စာလုံး၌ ရှိသော **'လားမ်'**ကို အားလုံးထက်သာပို၍ ပါးစပ်အပြည့် **'အသံအောအော'** ဖြင့် ဖတ်ရမည်။ သူ့ထက်လျော့၍ ﴿ط﴾ အက္ခရာ၊ တစ်ဖန် ﴿ص﴾ အက္ခရာ၊ တစ်ဖန် ﴿ض﴾အက္ခရာ၊ တစ်ဖန် ﴿ظ﴾အက္ခရာ၊ တစ်ဖန် ﴿خ နှင့် غ﴾အက္ခရာ၊

နောက်ဆုံး၌ ﴾ر﴿ အက္ခရာ၏အဆင့် ဖြစ်ပါသည်။ ထို့ပြင် အလစ်ဖ်နှင့်တွဲလာသော **'ပွရ်'** အက္ခရာကို သာပို၍ ပါးစပ်အပြည့် ဖတ်ရမည်။ ဥပမာ - ﴾طَالَ﴿
တစ်ဖန် အလစ်ဖ်မပါသော ﴾ــَ﴿ **ဇဘရ်**။ ဥပမာ - ﴾اِنْطَلِقُوْا﴿
တစ်ဖန် ﴾ــُ﴿ ပေးရ်။ ဥပမာ - ﴾يَقُصُّ﴿
တစ်ဖန် ﴾ــِ﴿ **ဇေးရ်**။ ဥပမာ - ﴾ظِلٍّ﴿
တစ်ဖန် ﴾ــْ﴿ ဂျဇမ်ရှိသောအခါ ၎င်း၏အရှေ့၌ရှိသော **'သရ'**ကိုမူတည်ပြီး **'ပွရ်'** ဖြစ်လိမ့်မည်။ ဥပမာ - ﴾مِرْصَادِ ، يُرْزَقُوْنَ ، يَقْطَعُوْنَ﴿

အမေး ။ ။ ﴾مُسْتَفِلَـهْ﴿ ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ရှေ့အတွဲများတွင် ဖတ်ပြီးခဲ့ပါပြီ။ ဤနေရာတွင် မှတ်သားဖွယ်အချို့ကို တင်ပြပါမည်။ ﴾مُسْتَفِلَـهْ﴿ အက္ခရာ (၂၂)လုံးကို အသံပါးပါး ဖတ်သောအခါ ﴾ي﴿ **'ယား'** အက္ခရာဘက် (သို့) ﴾ــَ﴿ **ဇဘရ်** ကို ﴾ــِ﴿ **ဇေးရ်** ဘက်သို့စောင်း၍ ဖတ်ခြင်း။

ဥပမာ - ﴾مَا﴿ **'မား'**ကို၊ မဲ၊ ﴾جَا﴿ **'ဂျား'**ကို ဂျဲ ဟု ဖတ်ခြင်းမျိုး မဖြစ်စေရပါ။

﴾مُسْتَعْلِيَّـهْ﴿အက္ခရာသည် ﴾مُسْتَفِلَـهْ﴿အက္ခရာနှင့်ပေါင်းဖတ်သောအခါ အသံ ပါးပါးဖတ်ရသောအက္ခရာကို အသံအောမသွားအောင် အထူးသတိထားရပါမည်။ **ဥပမာ** - ﴾صَلْصَالَ﴿စာလုံး၌ရှိသော**'လားမ်'**။ ﴾اَخَذْنَا﴿ စာလုံး၌ရှိသော**'ဇားလ်'**။ ﴾قَسْوَرَةٍ﴿ စာလုံး၌ ရှိသော **'စီးန်'**တို့ **'ပွရ်'** ဖြစ်မသွားရန် အရေးကြီးသည်။

လေ့ကျင့်ခန်းများကို ခွဲခြား၍လေ့ကျင့်ပါ

قَالَ قَآئِلٌ مِّنْهُمْ اِنِّىْ كَانَ لِىْ قَرِيْنٌ ○ اَنْ تُدْرِكَ الْقَمَرَ ط وَلَقَدْ اَضَلَّ مِنْكُمْ ط

ثُمَّ اَغْرَقْنَا الْاٰخَرِيْنَ ○ وَضَرَبَ لَنَا مَثَلًا وَّنَسِىَ خَلْقَهٗ ط خَلْقًا اَمْ مَّنْ خَلَقْنَا

وَبَارَكَ فِيْهَآ اَقْوَاتَهَا خَلَقَ الْاَزْوَاجَ كُلَّهَا وَسَخَّرَ الشَّمْسَ وَالْقَمَرَ

فَاَخَذَتْهُمُ الرَّجْفَةُ فَاَصْبَحُوْا فِىْ دَارِهِمْ جٰثِمِيْنَ فَوَقَعَ الْحَقُّ وَبَطَلَ مَا كَانُوْا

وَرَاَوْا اَنَّهُمْ قَدْ ضَلُّوْا وَقَطَّعْنَاهُمُ اثْنَتَىْ عَشْرَةَ اَسْبَاطًا اُمَمًا

وَقَدْ فَرَضْتُمْ لَهُنَّ فَرِيْضَةً فَنِصْفُ مَا فَرَضْتُمْ

وَاَنَّ اللّٰهَ قَدْ اَحَاطَ بِكُلِّ شَىْءٍ عِلْمًا ○ وَمَا قَدَرُوا اللّٰهَ حَقَّ قَدْرِهٖ

﴿ر﴾ 'ရှာ'အကြောင်း

အမေး ။ ။ ﴿رَاءِ سَاكِنْ مَاقَبْلْ مُتَحَرِّكْ﴾ ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ကိုယ်တိုင် ﴿ـْ﴾ ဂျဇမ် ရှိပြီး ၎င်း၏အလျင် အက္ခရာသည်လည်း ﴿ـْ﴾ ဂျဇမ် ရှိပြီး ၎င်း၏အလျင် အက္ခရာ၌ ﴿ـَ﴾ဇဘရ်၊ ﴿ـِ﴾ဇေးရ်၊ ﴿ـُ﴾ပေးရှ် ရှိသော ﴿ر﴾ 'ရှာ' ကို ခေါ်ပါသည်။

ဥပမာ - ﴿قَدْرْ﴾

အမေး ။ ။ ﴾رَاىِٔ سَاكِنْ سَاكِنْ مَاقَبْلُ مُتَحَرِّكْ﴿ ဖတ်နည်း ဥပဒေမှာ အဘယ်နည်း။

အဖြေ ။ ။ ၄င်း ﴾ر﴿ 'ရွာ'၏အလျင် ﴾ـْ﴿ 'ဂျဇမ်'ရှိသော အက္ခရာမှာ ﴾ى﴿ 'ယား' မဟုတ်ဘဲ အခြားအက္ခရာတစ်လုံးလုံးသည် ﴾سَاكِنْ﴿ 'ဂျဇမ်'နှင့်ဖြစ်မည် ဆိုလျှင် ﴾ـَ﴿ဇဘရ် နှင့် ﴾ـُ﴿ပေးရှ် ရှိလျှင် 'ပွရ်' ခေါ် ပါးစပ်အပြည့်ဖတ်ရမည်။

ဥပမာ - ﴾عُسْرْ ، وَالْفَجْرْ﴿

အကယ်၍ ﴾ـِ﴿ ဇေးရ် ရှိလျှင် ﴾بَارِيْكْ﴿ ခေါ် ပေါ့ပါးစွာ ဖတ်ရမည်။

ဥပမာ - ﴾حِجْرْ ، ذِكْرْ﴿

အမေး ။ ။ အထက်ပါ ဂျဇမ်ရှိသော 'ရွာ'၏အလျင် ဂျဇမ် ရှိသော ﴾يْ﴿ 'ယား'ရှိလျှင် မည်သို့ ဖတ်ရမည်နည်း။

အဖြေ ။ ။ ဂျဇမ် ရှိသော 'ရွာ'၏အလျင် ဂျဇမ် ရှိသော ﴾يْ﴿ 'ယား'ရှိလျှင် အခြေအနေတိုင်း၌ ﴾بَارِيْكْ﴿ ခေါ် ပေါ့ပါးစွာဖြင့်သာ ဖတ်ရမည်။

ဥပမာ - ﴾خَيْرْ ، قَدِيْرْ ، غَيْرْ﴿

"ပွရ် နှင့် ဗာရီးက်" တို့ကို ကောင်းစွာခွဲခြား၍ လေ့ကျင့်ပါ။

مِنْ نَّذِيْرٍ ۝ كَانَ نَكِيْرِ ۝ وَلَا بِكْرٌ ط قَدْرِ ط وَالْعَصْرِ ۝ لَفِىْ خُسْرٍ ۝

بِالصَّبْرِ ۝ وَهُوَحَسِيْرٌ ۝ كَالْقَصْرِ ۝ صُفْرٌ ۝ عَشْرٍ ۝ وَالْوَتْرِ ۝

اِذَايَسْرِ ۝ شَهْرٍ ۝ اَمْرٍ ۝ فِى الْقُبُوْرِ ۝ صَبَّارٍشَكُوْرٍ ۝ وَرَبٌّ غَفُوْرٌ ۝

اَفَسِحْرٌ ۝ لِعِبَادِهِ الْكُفْرَ ط وَالْبَحْرِ ط

မှတ်ချက် - စာလုံးတစ်လုံးတွင် တစ်ပြိုင်တည်း **ဂျဇမ် (၂)ခု** ဖြစ်သောအခါ အများအားဖြင့် ပထမ **'ဂျဇမ်'** ကို 'သရ'ပေး၍ အလွန်မှားယွင်းစွာ ရပ်နားလိုက်ကြပါသည်။

ဥပမာ - ﴿بَحْرْ﴾ ကို ﴿بَحَرْ﴾၊ ﴿كُفْرْ﴾ ကို ﴿كُفُرْ﴾၊ ﴿وَالْفَتْحْ﴾ ကို ﴿وَالْفَتَحْ﴾ ဟု မှားယွင်းစွာ ရပ်နားနေကြပါသည်။

အထက်ပါ ﴿ر﴾ **'ရှာ'**၏ ဥပဒေသည် ﴿وَقْفْ﴾ ခေါ်ရပ်နားသော အခြေအနေနှင့်သာ သက်ဆိုင်ပါသည်။

အမေး ။ ။ **သရှ်ဒီးဒ်** ရှိသော ﴿ر﴾ 'ရှာ'၏ ဖတ်နည်းဥပဒေမှာ အဘယ်သို့နည်း။

အဖြေ ။ ။ **သရှ်ဒီးဒ်** ရှိသော ﴿ر﴾ **'ရှာ'** သည် **သရှ်ဒီးဒ်** မရှိသော ﴿ر﴾ **'ရှာ'** တစ်လုံးတည်း၏ အမိန့်အတိုင်း ဖြစ်ပါသည်။ သဘောမှာ ﴿ر﴾ **'ရှာ'**၏အလျှင် ညာဘက်၌ မည်သည့် 'သရ' ရှိသည်ကို ကြည့်စရာမလိုပါ။ ﴿ر﴾ **'ရှာ'**အပေါ်၌ ﴿ـَ﴾ **ဇဘရ်** နှင့် ﴿ـُ﴾ **ပေး**၍ ရှိလျှင် **'ပွရ်'** (ခေါ်) အသံပြည့်ပြည့် ဖတ်ရမည်။

ဥပမာ - ﴿يَضُرُّ ٠ سِرٌّ ٠ سِرًّا﴾

အကယ်၍ **သရှ်ဒီးဒ်**ရှိသော ﴿ر﴾ **'ရှာ'**အောက်၌ ﴿ـِ﴾ **ဇေးရ်**ရှိလျှင် ﴿بَارِيْك﴾ ခေါ် အသံပါးပါးဖြင့် ဖတ်ရမည်။ **ဥပမာ** - ﴿شَرِّ ٠ دُرِّيٌّ﴾

အထက်ပါ ဥပမာ၌ ﴿سِرٌّ﴾ တွင် ﴿ر﴾ **'ရှာ'** (၂)လုံး စလုံးကို **'ပွရ်'** ဖြင့် ဖတ်ရမည်။ ﴿شَرِّ﴾ တွင် ﴿ر﴾ **'ရှာ'** (၂)လုံးစလုံးကို **'ဗာရီးက်'** ဖြင့် ဖတ်ရမည်။

လေ့ကျင့်ခန်း

مِنْ رَّسُوْلٍ ط يَبْسُطُ الرِّزْقَ ط ذُرِّيَّةٌ ط مِنْ قَبْلِهِ الرُّسُلُ ط تُقَرِّبُكُمْ ط

حُرِّمَتْ ط وَتَخِرُّ الْجِبَالُ ط اٰتِى الرَّحْمٰنَ ط لَنُحَرِّقَنَّهٗ ط يُلْقِى الرُّوْحَ ط

وَلَئِنْ رُّجِعْتُ ط يُسْكِنِ الرِّيْحَ ط اَرْسَلَ الرِّيٰحَ ط وَحَرَّمَ الرِّبٰوا ط

မှတ်ချက် - ﴿مِصْرَ﴾ နှင့် ﴿قِطْرِ﴾ စာလုံးနှစ်လုံး၌ရှိသော ﴿ر﴾ 'ရွာ' အပေါ် ရပ်နားသောအခါလည်းကောင်း၊ ﴿فِرْقٍ﴾ စာလုံး၌ရှိသော 'ရွာ' အား ရွတ်ဖတ်သောအခါလည်းကောင်း၊ ၎င်း'ရွာ' (၃)လုံးအား 'ပွရ် နှင့် ဗာရီးက်' ပုံစံ (၂) မျိုးစလုံးဖြင့် ဖတ်နိုင်ပါသည်။

﴿وَقْف﴾ ခေါ် ရပ်နားခြင်းအကြောင်း

အမေး ။ ။ သရှ်ဒီးဒ် ရှိသော အက္ခရာအပေါ် မည်သို့ရပ်နားရမည်နည်း။

အဖြေ ။ ။ သရှ်ဒီးဒ် ရှိသော အက္ခရာအပေါ် ရပ်နားသောအခါ သရှ်ဒီးဒ် ရှိကြောင်းပေါ်လွင်အောင် အထူးသတိထား၍ ရပ်နားရမည်။ သဘောမှာ - ﴿ل ، ي ، و﴾ အက္ခရာ များအပေါ် သရှ်ဒီးဒ် ရှိလျှင် ထပ်ဆင့် ဂျဇမ် ပေး၍မဆွဲဘဲခပ်ပြင်းပြင်း ရပ်နားရမည်။

ဥပမာ - ﴿يَغُلَّ ، دُرِّيٌّ ، هُمُ الْعَدُوُّ ط﴾

သရှ်ဒီးဒ် ရှိသော ﴿ر﴾ 'ရွာ' အပေါ် ရပ်နားလျှင်လည်း သရှ်ဒီးဒ် ရှိကြောင်းပေါ်လွင်အောင် ခပ်ပြင်းပြင်း ရပ်နားရမည်။

ဥပမာ - ﴿مَفَرٌّ○ ، مُسْتَمِرٌّ○﴾ - ဟူ၍ဖြစ်သည်။

ဥပမာ - ﴿مَفَرٌّ○ ، مُسْتَمِرٌّ○﴾

အခြားအက္ခရာများကိုလည်း ဤဥပဒေအတိုင်း မှတ်ယူပါ။ အကယ်၍ ﴿نُوْنْ﴾ 'နူးန်' နှင့် ﴿مِيْمْ﴾ 'မီးမ်' အက္ခရာအပေါ်တွင် သရှ်ဒီးဒ် ရှိပါက ရပ်နားလိုသောအခါ အလစ်ဖ် (၁)လုံးခန့် ညည်းသံပေး၍ ရပ်နားရမည်။

ဥပမာ - ﴿مِنَ الْيَمِّ ط ، وَلَا جَآنٌّ○﴾

လေ့ကျင့်ခန်း

وَتَبَّ○ وَالدَّوَآبِّ○ جَنّٰتٍ وَّحَبٍّ ط صَوَآفَّ ط هٰذِهٖ وَكَفَّ ط وَبَثَّ ط

مِنَ الظَّنِّ ط لَتُنَبَّؤُنَّ ط يَعْبُدُوْنَ الْجِنَّ ط فِيْ سَمِّ ط مِنَ الْغَمِّ ط اَضَلُّ ط

عَلٰى كُلِّ ط مِنْهَا الْاَذَلَّ ط مِنْ غِلٍّ ط لِبَعْضٍ عَدُوٌّ ط لَعَفُوٌّ ط بِالْغُدُوِّ ط

اَوْ نُرَدُّ ط مَنْ يَّرُدُّ ط مِنْ مَّنِيٍّ ط يُوْحٰٓى اِلَيَّ○ مُسْتَمِرٌّ○ وَاَمَرُّ○ اَيْنَ الْمَفَرُّ○

مِنْ ضُرٍّ ط لَيُخْرِجَنَّ الْاَعَزُّ ط يٰسَامِرِيُّ○ قُلْ هَلُمَّ ط خَفِيٌّ ط فِيْ شَكٍّ ط

မှတ်ချက် - 'သရှ်ဒီးဒ်' ရှိသော အက္ခရာအပေါ် ရပ်နားသောအခါ အက္ခရာတစ်လုံးခွဲခန့် ထုတ်ဖော်၍ ရပ်နားရမည်။

အမေး ॥ ॥ ﴿وَقْفِ قَبِيْحْ﴾ မကောင်းသော၊ မသင့်လျော်သော ရပ်နားခြင်းဆိုသည်မှာ အဘယ် နည်း။

အဖြေ ॥ ॥ ပထမဝါကျသည် မိမိနောက်၌ရှိသော ဒုတိယဝါကျဖြင့် အဓိပ္ပာယ်အရသော်လည်းကောင်း၊ စာသားအရသော်လည်းကောင်း၊ ပတ်သက်ဆက်နွယ်မှုရှိသော်

လည်း ပထမဝါကျ၌ ရပ်နားလိုက်ခြင်းကို ﴿وَقْفِ قَبِيْح﴾ ဟု ခေါ်ပါသည်။ ဥပမာ - ﴿اَلْحَمْدُلِلّٰهِ ، وَاِذْقَالَ اللّٰهُ﴾ စသည့် ဥပမာများ၌ ပထမဝါကျဖြစ်သော ﴿اَلْحَمْدُ ، وَاِذْقَالَ﴾ နေရာမျိုး၌ ရပ်နားလိုက်ခြင်းဖြင့် အဓိပ္ပာယ်မပြည့်စုံသလို စာသားမှာလည်း ဆက်စပ်မှု ရှိနေပါသည်။

မှတ်ချက် - ဤကဲ့သို့ ﴿وَقْفِ قَبِيْح﴾ နေရာမျိုး၌ ချောင်းဆိုးခြင်း၊ မေ့လျော့ခြင်း၊ အသက်ရှူမြတ်တောက်သွားခြင်းမရှိဘဲ အနားယူရန် ရည်ရွယ်ချက်ဖြင့် ရပ်နားခွင့်မရှိပေ။ အကြောင်းတစ်စုံတစ်ရာကြောင့် ရပ်နားခဲ့လျှင်လည်း ပြန်ကျော့ဖတ်ရန် အရေးကြီးသည်။

အမေး ။ ။ ကျမ်းမြတ်ကုရ်အာန်၌ ﴿وَقْفِ قَبِيْح﴾ ၏ အမှတ်အသားများ ရှိပါသလား။

အဖြေ ။ ။ 'အလ္လာမဟ်စဂျာဝန္ဒီ' ﴿رح﴾ သခင်ကြီးက ﴿وَقْفِ قَبِيْح﴾ ၏ အမှတ်အသားအဖြစ် စာသားအလယ်၌ ﴿لا﴾ 'လားမ်အလစ်ဖ်'၏ အမှတ်အသားကို ပြုလုပ်သတ်မှတ်ထားပါသည်။ အာယသ်အပေါ်၌ရှိသော ﴿لا﴾ 'လားမ်အလစ်ဖ်'မှာ ﴿وَقْفِ قَبِيْح﴾ ၏ အမှတ်အသား မဟုတ်ပေ။

လေ့ကျင့်ခန်း

بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ۙ الْحَقَّ فَهُمْ مُّعْرِضُوْنَ ۝ فَاسْتَجَبْنَا لَهٗ ۙ وَنَجَّيْنٰهُ مِنَ الْغَمِّ ۭ

وَمَنْ يَّدْعُ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۙ لَا بُرْهَانَ لَهٗ بِهٖ ۙ فَاِنَّمَا حِسَابُهٗ عِنْدَ رَبِّهٖ ۭ

اَعَدَّ اللّٰهُ لَهُمْ عَذَابًا شَدِيْدًا ۙ فَاتَّقُوا اللّٰهَ ۭ لَا يَحْطِمَنَّكُمْ سُلَيْمٰنُ وَجُنُوْدُهٗ ۙ

وَهُمْ لَا يَشْعُرُوْنَ ۝ حَتّٰىٓ اِذَا فُزِّعَ عَنْ قُلُوْبِهِمْ قَالُوْا مَاذَا ۙ قَالَ رَبُّكُمْ

အမေး ။ ။ ﴿اِعَادَهْ قَبِيْحْ﴾ မသင့်လျော်သောနေရာမှ ပြန်ကျော့ဖတ်ခြင်း ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ရပ်နားရမည့် အမှတ်အသားမရှိသော နေရာမျိုးတွင် ရပ်နားပြီးသောအခါ အယူအဆ မှားယွင်းနိုင်သောနေရာမှ ပြန်ကျော့ဖတ်ခြင်းကို ﴿اِعَادَهْ قَبِيْحْ﴾ ဟု ခေါ်ပါသည်။

ဥပမာ - ﴿وَقَالَتِ الْيَهُوْدُ عُزَيْرُ ابْنُ اللّٰهِ﴾ ဟုရပ်နား၍ ﴿عُزَيْرُ ابْنُ اللّٰهِ﴾ မှ ပြန်ကျော့ခြင်းမျိုးဖြစ်သည်။

ဥပမာအချို့

﴿لَقَدْ سَمِعَ اللّٰهُ قَوْلَ الَّذِيْنَ قَالُوْا اِنَّ اللّٰهَ فَقِيْرٌ﴾ တွင် ရပ်နား၍ ﴿اِنَّ اللّٰهَ فَقِيْرٌ﴾ မှ ပြန်ကျော့ခြင်း၊

﴿وَقَالَتِ النَّصٰرَى الْمَسِيْحُ ابْنُ اللّٰهِ﴾ တွင် ရပ်နား၍ ﴿اَلْمَسِيْحُ ابْنُ اللّٰهِ﴾ မှ ပြန်ကျော့ခြင်း၊

﴿ءَاَنْتَ قُلْتَ لِلنَّاسِ اتَّخِذُوْنِيْ وَاُمِّيَ اِلٰهَيْنِ مِنْ دُوْنِ اللّٰهِ﴾ တွင် ရပ်နား၍ ﴿اتَّخِذُوْنِيْ وَاُمِّيَ﴾ ပြန်ကျော့ခြင်း၊

﴿قَلْقَلَهْ﴾ အကြောင်း

အမေး ။ ။ ﴿قَلْقَلَهْ﴾ နှင့် ပတ်သက်၍ မည်သည့်အချက်များကို တင်ပြမည်နည်း။

အဖြေ ။ ။ ကုရ်အာန်ရွတ်ဖတ်သူအများစုသည် ﴿قُطُبُ جَدٍّ﴾ အက္ခရာများအပေါ် ﴿ ْ ﴾ ဂျဇမ် ရှိလျှင် **'ပဲ့တင်သံ'** ထုတ်ဖတ်ကြသော်လည်း သတ်မှတ်ထားသော အဆင့်များ နှင့် အညီ **'ပဲ့တင်သံ'** ထုတ်ဖတ်ခြင်း မရှိကြောင်းကို တင်ပြပါမည်။

ဥပမာ - စာသားအလယ်၌ရှိသော **'ပဲ့တင်သံ'** အက္ခရာနှင့် **'အာယသ်'** အဆုံးတွင်

ရှိသော 'ပွဲတင်သံ'အက္ခရာတို့ကို 'ပွဲတင်သံ' ဟ်သောအခါ ကွဲပြားမှုမရှိခြင်း၊ 'ပွဲတင်သံ' အက္ခရာများအပေါ် သရ္ကိဒ်ီးဒ် ရှိ၍ ရပ်နားသောအခါ 'ပွဲတင်သံ' သာပို၍ ထုတ်ဖတ်ရသည့် အဆင့်များကို သတိမမူကြခြင်းများ ဖြစ်ပါသည်။

တစ်ဖန် ﴾قُطُبَ جَدٍّ﴿ အက္ခရာ (၅)လုံးမှအပ အခြားအက္ခရာများကိုလည်း 'ပွဲတင်သံ' ထုတ်ဖတ်လိုက်ခြင်းမှာ ဖတ်ရွတ်သူအတော်များများ သတိမမူသော 'မှားခြင်း'မျိုး ဖြစ်ပါသည်။

လေ့ကျင့်ခန်း

سُنْدُسٍ خُضْرٌ وَّاِسْتَبْرَقٌ ط نَحْنُ خَلَقْنَاهُمْ وَشَدَدْنَآ اَسْرَهُمْ ط

رَفْرَفٍ خُضْرٍ وَّعَبْقَرِيٍّ حِسَانٍ ط سَلٰمٌ عَلَيْكُمْ طِبْتُمْ فَادْخُلُوْهَا ط

وَلَآ اَنْتُمْ عَابِدُوْنَ مَآ اَعْبُدُ ○ مَآ اَغْنٰى عَنْهُ مَالُهٗ وَمَا كَسَبَ ○

اَ [illegible] ذَآ اَمْ اَنْتُمْ لَا تُبْصِرُوْنَ ○ وَاَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ ط

اِذْ [illegible] ى السِّدْرَةَ مَا يَغْشٰى ط وَلَا تُشْطِطْ وَاهْدِنَآ اِلٰى سَوَآءِ الصِّرَاطِ ○

وَجَآءَتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ط

မှတ်ချက် - ﴾قَلْقَلَه﴿ လုပ်မည့် အက္ခရာအား 'ပေါင်း'ပြီးမှ 'ပွဲတင်သံ'ထုတ်ရန် အရေးကြီးပါသည်။ ဥပမာ - ﴾اَجْرٌ﴿ 'အဂျ်ရွှန်' ဤဥပမာ၌ 'အလစ်ဖ်'ကို 'ဂျီးမ်'နှင့် 'ပေါင်း'ပြီးမှ 'ပွဲတင်သံ' ထုတ်ရမည်။ အချို့သည် မပေါင်းဘဲ ﴾اَجْرٌ﴿ 'အဂျရွှန်'ဟု 'သရ' ပေးပြီး ဖတ်သည်ကို ﴾قَلْقَلَه﴿ လုပ်ခြင်းဟု မှားယွင်းစွာ ထင်မှတ်နေကြသည်။

﴿قَلْقَلَه﴾ အက္ခရာ (၃) လုံးဖြစ်သော ﴿ب ٠ ج ٠ د﴾ တို့ကို 'ပဲ့တင်သံ' ထုတ်သောအခါ ထွက်ပေါ်လာသော **'ပဲ့တင်သံ'** မှာ အသံပါးပါး ဖြစ်ရမည်။

ဥပမာ - ﴿لَكَنُوْدٌ ٠ يَجْعَلُ ٠ قَبْلُ﴾

အချို့မှာ မှားယွင်းစွာဖြင့် ၎င်းအက္ခရာများကို **'ပဲ့တင်သံ'** ထုတ်ရာတွင် **'အသံအောအော'**ဖြင့် ရွတ်ဖတ်နေပါသည်။ ﴿ق﴾နှင့် ﴿ط﴾ကို **'ပဲ့တင်သံ'** ထုတ်သောအခါ ထွက်ပေါ်လာသော **'ပဲ့တင်သံ'** မှာ ပါးစပ်အပြည့် **'အသံအော'** နေရမည်။ ဥပမာ - ﴿اَطْعَمَهُمْ ٠ وَيَقْطَعُوْنَ﴾

သိမှတ်ဖွယ်ရာအဖြာဖြာ

အမေး ။ ။ ကျမ်းမြတ်ကုရ်အာန်၌ လာရှိသော ﴿اَنَا﴾ ကဲ့သို့ စာလုံးများ၏ နောက်ဆုံး **'အလစ်ဖ်'** များကို မည်ကဲ့သို့ ဖတ်ရမည်နည်း။

အဖြေ ။ ။ ကျမ်းမြတ်ကုရ်အာန်၌ ﴿اَنَا﴾**'အနား'** ဟူသော စာလုံးတိုင်းတွင်ရှိသော **'အလစ်ဖ်'** ကို ဆက်ဖတ်သောအခါ ﴿اَنَ﴾ **'အန'** ဟုသာ မဆွဲဘဲ ဖတ်ရပါမည်။ ထိုကဲ့သို့ပင် **'စူရဟ် ကဟ်ဖ်'** တွင် ﴿لٰكِنَّا﴾ **'စူရဟ် အဟ်ဇားဗ်'** တွင် ﴿اَلسَّبِيْلَا ٠ اَلرَّسُوْلَا ٠ اَلظُّنُوْنَا﴾၊ **'စူရဟ်ဒဟရ်'** တွင် ﴿سَلَاسِلَا﴾နှင့် ပထမ ﴿قَوَارِيْرَا﴾ စာလုံးများ၌ရှိသော **'အလစ်ဖ်'** များကိုလည်း ဆက်ဖတ်သောအခါ ဆွဲမဖတ်ရပါ။ သို့သော် ၎င်းစာလုံးများ အပေါ် ရပ်နားလိုပါက **'အလစ်ဖ်'**ကို ဆွဲဖတ်ရမည်။

မှတ်ချက် - ﴿لِقَآءَنَا ٠ جَآءَنَا﴾ နှင့် ﴿اَنَابُوْا ٠ اَنَابَ ٠ اَنَامِلَ ٠ اَنَاسِيَّ﴾ စာလုံးများ၌ရှိသော **'အလစ်ဖ်'**ကို ဆွဲ၍သာ ဖတ်ရပါမည်။

အမေး ။ ။ ကျမ်းမြတ်ကုရ်အာန်တွင် အောက်ပါစာလုံး (၉) လုံး၌ ရှိသော **'အလစ်ဖ်'**တို့အား မည်သို့ ဖတ်ရမည်နည်း။

အဖြေ ။ ။ **《لِيَبْلُوَاْ · لِيَرْبُوَاْ · لَنْ نَّدْعُوَاْ · لِتَتْلُوَاْ · اَنْ تَبُوْءَاْ · اَوْ يَعْفُوَاْ》**
《စူရဟ်ဒဟရ်၌ရှိသော ဒုတိယ **قَوَارِيْرَاْ》《ثَمُوْدَاْ · وَنَبْلُوَاْ》** စာလုံး (၉)လုံး အား ဆက်ဖတ်သည်ဖြစ်စေ၊ ရပ်နားသည်ဖြစ်စေ ၄င်း၌ရှိသော**'အလစ်ဖ်'**များကို မဖတ်ရပါ။ (မဆွဲရပါ)။

အမေး ။ ။ ကျမ်းမြတ်ကုရ်အာန်တွင် အောက်ပါစာလုံး (၅)လုံးအား မည်သို့ ဖတ်ရမည်နည်း။

အဖြေ ။ ။ **《لَاْ اَنْتُمْ · لَاْ اِلَى الْجَحِيْمِ · اَوْلَاْ اَذْبَحَنَّهٗ · لَاْ اَوْضَعُوْا · لَاْ اِلَى اللّٰهِ》**
စာလုံး (၅) လုံး၌ရှိသော **《لَا》 'လားမ်အလစ်ဖ်ဇဘရ်'** (လား) ကို **'အလစ်ဖ်'** ဖြုတ်၍ **'လားမ်ဇဘရ်'** (လ) **《لَ》** ဟုသာ ဖတ်ရန် အရေးကြီးသည်။

အမေး ။ ။ ဆွဲမဖတ်ရသော အလစ်ဖ်များ ရှိပါသေးသလား။

အဖြေ ။ ။ **《مِاْئَةِ · لِشَاْيْءٍ · نَبَاْيِ · مَلَاْئِهٖ · اَفَاْئِنْ》** စာလုံးများ၌ရှိသော **အလစ်ဖ်** တို့ကိုလည်း မဖတ်ရ (မဆွဲရ)ပါ။

မှတ်ချက် - အထက်ပါ အလစ်ဖ်များကို မဖတ်ရသော်လည်း ရေးသားသောအခါ ဖြုတ်၍ ရေးသား ခွင့်မရှိပါ။ အချို့ကျမ်းမြတ်ကုရ်အာန်၌ ယင်း **'အလစ်ဖ်'**များအပေါ်တွင် 'ဝ' လုံး ပုံသဏ္ဍာန်ဖြင့် ဤကဲ့သို့ **《اْ》** အမှတ်အသား တင်ထားပါသည်။

အမေး ။ ။ **《سَكْتَة》** ၏ အဓိပ္ပာယ်နှင့် စာလုံးများကို ဖော်ပြပါ။

အဖြေ ။ ။ **《سَكْتَة》** ဆိုသည်မှာ အသက်ရှူမဖြတ်ဘဲ အသံဖြတ်တောက်၍ ခေတ္တအသက် အောင့်ကာ ရှေ့သို့ဆက်ဖတ်ခြင်းကို ခေါ်ပါသည်။ ၄င်းစာလုံး (၄) လုံး ရှိပါသည်။

'စူရဟ်ကဟပ်ဖ်' တွင် ﴿عِوَجًا﴾ နှင့် **'စူရဟ်ယာစီးန်'**တွင် ﴿مَّرْقَدِنَا﴾ ၏ **အလစ်ဖ်** အပေါ်၌လည်းကောင်း၊ **'စူရဟ်ကိယာမဟ်'**တွင် ﴿وَقِيلَ مَنْ﴾ ၏ **'နူးန်'**အပေါ်၌ လည်းကောင်း၊ **'စူရဟ်မုသွဖ်ဖိဖီးန်'** တွင် ﴿بَلْ رَانَ﴾ ၏ **'လားမ်'** အပေါ်တို့တွင် ခေတ္တအသက်အောင့်၍ ရှေ့သို့ဆက်ဖတ်ရမည်။

၄င်းနေရာများ၌ ﴿سَكْتَة﴾ မလုပ်ဘဲ ဆက်ဖတ်လိုလျှင် သတ်မှတ်ထားသော ဥပဒေ အတိုင်း ဖတ်ရပါမည်။

အမေး ။ ။ အချို့သူများသည် ﴿ك﴾ **'ကားဖ်'**ကို ﴿كَهـ﴾ **'ခ'**အသံဖြင့်လည်းကောင်း၊ ﴿ت﴾ **'သား'** ကို ﴿تَهـ﴾ **'ထ'** အသံဖြင့် နှော၍ ရွတ်ဖတ်နေသည်ကို ကြားရသည်။ ၄င်း အက္ခရာ (၂)လုံးကို ပေါင်းဖတ်သည့်အခါ ﴿ه ، خ ، س﴾ ကဲ့သို့ အသံပိုများ ထွက်ဖတ်ပြီး ကျွန်ုပ်တို့သည် ﴿صِفَتِ هَمْس﴾ အသံတိုး အချင်းလက္ခဏာ ကြောင့် **'လေသံသဲ့သဲ့'** ထွက်ဖတ် နေခြင်း ဖြစ်သည်ဟု ပြောဆိုနေခြင်းမှာ မှန်ပါ သလား။

အဖြေ ။ ။ ခိုင်လုံသော သဂျ်ဝီးဒ်ကျမ်းများနှင့် သဂျ်ဝီးဒ်ပညာရပ်များကို အလွန်ကျွမ်းကျင်သော ကာရီပညာရှင်များထံ၌ မေးခွန်းပါ ဖတ်ရွတ်ပုံနှင့် **'လေသံသဲ့သဲ့'** ထွက်ဖတ်ခြင်းဟု ပြောဆိုနေခြင်းမှာ လုံးဝ မှန်ကန်မှုမရှိပါ။ **'လေသံသဲ့သဲ့'** အနည်းငယ်ထွက်ဖတ်ရခြင်း မှာ မှန်သော်လည်း ﴿ت﴾ **'သား'**သည် ﴿تَهـ﴾ **'ထ'** အသံ မဖြစ်နိုင်သလို ﴿ك﴾ သည်လည်း ﴿كَهـ﴾ **'ခ'** အသံ မဖြစ်နိုင်ပါ။ ﴿تَهـ﴾ **'ထ'** နှင့် ﴿كَهـ﴾ **'ခ'** အသံတို့သည် သီးသန့် ဟိန္ဒီ (သို့) အုရ်ဒူ၏ ရွတ်ဖတ်သံများဖြစ်သည်။ အရဗီတွင်မဆိုထားနှင့် ဖာရ်စီ ဘာသာ၌ပင် ၄င်းအသံများကို သုံးစွဲလေ့မရှိပါ။ ထို့ကြောင့် အရဗီအက္ခရာကို ဟိန္ဒီ (သို့) အုရ်ဒူအက္ခရာဖြင့် ပြောင်းလဲရွတ်ဖတ်ခြင်းမှာ မည်သို့မှန်ကန်သင့်မြတ်မှု ရှိနိုင်မည်နည်း။ အထက်ပါ ﴿ت﴾ နှင့် ﴿ك﴾ ကို ﴿سُوْرَةُ الْاِنْفِطَارْ﴾ ၏

အစပိုင်း(၈) အာယသ်မျှကို 'သိလာဝသ်'လုပ်၍ ဥပမာ ရယူနိုင်ပါသည်။ ၎င်းနှင့်ပတ်သက်၍ အကျယ်တဝင့်သိလိုပါက အုစ်သာဇုလ်ကုရ်ရာအ် ဟာဖိရသ် မော်လာနာ ကာရီ မုဟမ္မဒ် ရှရီးဖ် ﴿ﷺ﴾ (လာဟိုရီ) ရေးသားထုတ်ဝေခဲ့ သော ﴿مُعَلِّمُ التَّجْوِيْدْ﴾ကျမ်း စာမျက်နှာ (၈၈) တွင် လေ့လာနိုင်ပါသည်။

အမေး ။ ။ ﴿اِدْغَامْ﴾ နှင့် ပတ်သက်၍ ဥပဒေအကျဉ်းနှင့် လေ့ကျင့်ခန်းအချို့ကို ဖော်ပြပါ။

အဖြေ ။ ။ အမျိုးတူအက္ခရာ (၂) လုံးတွင် ﴿اِدْغَامْ﴾ ဖြစ်ပါက ﴿مِثْلَيْنْ﴾ ဟုခေါ်ပါသည်။

ဥပမာ - ﴿اِذْذَّهَبَ﴾

'မခ်ရဂ်'တူသော အက္ခရာ (၂)လုံးတွင် ﴿اِدْغَامْ﴾ ဖြစ်ပါက ﴿مُتَجَانِسَيْنْ﴾ဟု ခေါ်ပါသည်။ ဥပမာ - ﴿وَقَالَتْ طَّآئِفَةٌ﴾

'မခ်ရဂ်' နီးစပ်သော အက္ခရာ (၂) လုံးတွင် ﴿اِدْغَامْ﴾ ဖြစ်ပါက ﴿مُتَقَارِبَيْنْ﴾ ဟုခေါ်ပါ သည်။ ဥပမာ - ﴿اَلَمْ نَخْلُقْكُّمْ﴾

﴿مِثْلَيْنْ﴾ နှင့် ﴿مُتَجَانِسَيْنْ﴾၏ ပထမအက္ခရာသည် ﴿ــْ﴾ ဂျဇမ်ဖြစ်ပါက ﴿اِدْغَامْ﴾ လုပ်ရန်၊ သဘောမှာ - ဒုတိယ 'သရ'ရှိသော အက္ခရာနှင့် ပေါင်းဖတ်ရန် အရေးကြီး ပါသည်။ ဥပမာ - ﴿وَقَالَتْ طَّآئِفَةٌ ، قَدْدَّخَلُوْا﴾

လေ့ကျင့်ခန်း

وَقَدْدَّخَلُوْا   لَنْ نَّصْبِرَ   اِضْرِبْ بِّعَصَاكَ   بَلْ عَصَوْا وَّكَانُوْا   اِجْعَلْ لَّنَا

قَدْتَّبَيَّنَ   اِذْظَّلَمُوْا   وَكَفَرَتْ طَّآئِفَةٌ   اِرْكَبْ مَّعَنَا   اَثْقَلَتْ دَّعَوَاللّٰهَ

اَحَطْتُّ   قُلْ رَّبِّ   مَافَرَّطْتُّمْ   اَلَمْ نَخْلُقْكُّمْ   لَقَدْتَّقَطَّعَ

အမေး ။ ။ အချို့စာလုံးများတွင် ﴾ص﴿ အပေါ်၌ ﴾س﴿ အသေးလေးတစ်လုံး တင်ထားပါသည်။ ၎င်းတို့ကို မည်သို့ ဖတ်ရမည်နည်း။

အဖြေ ။ ။ ﴾يَبْصُطُ﴿ နှင့် ﴾بَصْطَةً﴿ ကို ﴾س﴿ **'စီးန်'** ဖြင့်သာ ဖတ်ရမည်။ ﴾اَلْمُصَيْطِرُوْنَ﴿ ကို ﴾ص﴿ ဆွားဒ် (သို့) ﴾س﴿ **'စီးန်'** နှစ်သက်ရာဖြင့် ဖတ်နိုင်သည်။ ﴾بِمُصَيْطِرٍ﴿ကို **'ဆွားဒ်'** ဖြင့်သာ ဖတ်ရမည်။

အမေး ။ ။ ﴾لَاتَاْمَنَّا﴿ စာလုံးအား မည်သို့ ဖတ်ရမည်နည်း။

အဖြေ ။ ။ မူရင်းစာလုံးသည် ﴾لَاتَاْمَنُنَا﴿ ဖြစ်သည့်အတွက်ကြောင့် ပထမ**'နူးန်'**၌ **'ဂွန္နဟ်'** ခေါ် ညည်းသံပြုချိန် နှုတ်ခမ်းနှစ်ခုအား ﴾ـُـ﴿ **ပေးရှ်** ဘက်သို့ညွှန်း၍ (သဘောမှာ) နှုတ်ခမ်းအား **'ဝိုင်း'**၍ ဖတ်ရန် အရေးကြီးပါသည်။

အမေး ။ ။ ﴾تَسْهِيْلْ﴿ **သပ်စ်ဟီးလ်** ဆိုသည်မှာ အဘယ်နည်း။

အဖြေ ။ ။ ﴾سُوْرَةْحٰمٓ سَجْدَهْ﴿ တွင်ရှိသော ﴾ءَاَعْجَمِىٌّ﴿ စာလုံး၌ **အလစ်ဖ်ပုံစံဖြင့်** ရေးသားထားသော ဒုတိယ**'ဟမ်ဇဟ်'**ကို အသံမာမာဖြင့် မဖတ်ဘဲ ပျော့ပြောင်းသံဖြင့်ဖတ်ရန် လိုအပ်ပါသည်။ ထိုသို့ဖတ်ခြင်းကို ﴾تَسْهِيْلْ﴿ ဟုခေါ်သည်။

အမေး ။ ။ ကုရ်အာန်ဖတ်ရွတ်ရာ၌ သတိထားရမည့်အချက် (၁) ချက်ကို ဖော်ပြပါ။

အဖြေ ။ ။ ﴾غُنَّهْ﴿ ညည်းဖတ်ရမည့်နေရာ မဟုတ်သော်လည်း စာလုံးအတော်များများ၌ ညည်းသံ များပေး၍ လွဲမှားစွာ ရွတ်ဖတ်နေကြသည်။ **ဥပမာ** -

مٰلِكِ يَوْمِ الدِّيْنِ۝ اَلرَّحْمٰنِ الرَّحِيْمِ۝ شَيْطَانِ الرَّجِيْمِ۝ نَسْتَعِيْنُ

كَيْفَ كَيْدَهُمْ اِنَّ الْاِنْسَانَ عَلَّمَ الْقُرْاٰنَ بَيَانْ يَسْجُدَانِ۝

مِيْزَانْ وَالنَّاسِ يُزَوِّجُهُمْ اَوَّلَ نٓ الٓمّٓ مَاعُوْنَ سَاهُوْنَ

အထက်ပါ စာလုံးများ၏ မှားယွင်းစွာ ရွတ်ဖတ်နေပုံတို့ကို မြန်မာစာဖြင့် ရေးပြရန် မလွယ်ကူပါ။ သင်ကြားသူဆရာ အနေနှင့်သာ အမှန်ဖတ်ပုံနှင့် မှားယွင်းနေပုံတို့ကို ယှဉ်တွဲ၍ သင်ကြားပေးရန် လိုအပ်ပါ သည်။

မြန်မာစာဖြင့်နီးစပ်စွာ ဥပမာရေးပြရလျှင် ﴾مَاعُوْنَ﴿ 'မားအူး--န်'ကို 'မားန်အွန်း'၊ ﴾سَاهُوْنَ﴿ 'စားဟူး--န်'ကို 'စားန်ဟွန်း'၊ ﴾بَيَانْ﴿ 'ဗယား--န်' ကို 'ဗယားန်' စသည့် ဥပမာများကဲ့သို့ မြောက်မြားစွာ နေရာများတွင် မှားယွင်းနေကြောင်း ဖော်ပြအပ်ပါသည်။

မှတ်ချက် - ရွတ်ဖတ်ပုံအမှန်ကို တိတ်ခွေများတွင်နားထောင်၍ လေ့ကျင့်ပေးနိုင်လျှင်ပိုကောင်းမည်။

အမေး ။ ။ ﴾بَيَانُ التَّجْوِيْدْ﴿ (၄) - တွဲသည် ပြည့်စုံသော သဂျ်ဝီးဒ်စာအုပ် ဖြစ်ပါသလား?

အဖြေ ။ ။ အခြေခံသဂျ်ဝီးဒ် ဆည်းပူးနေသူများအတွက် အသင့်အတင့် လုံလောက်သော စာအုပ် တစ်အုပ်ဖြစ်ပါသည်။ သို့သော် အဆင့်မြင့်သဂျ်ဝီးဒ် ဆည်းပူးသင်ယူလိုသူများအတွက် နောက်ထပ်ကျမ်းကြီးများ၌ ﴾مَدْ﴿ 'မဒ်'အကြောင်း အသေးစိတ်ကို လည်းကောင်း။

ဥပမာ - 'မဒ်'၏အတိုင်းအတာများဖြစ်သော﴾قَصْرْ ٠ تَوَسُّطْ ٠ طُوْلْ﴿တို့၏ကွဲပြားပုံ၊ တစ်ဖန် ﴾وَقْفْ﴿အကြောင်းနှင့်ပတ်သက်၍ ﴾رَوْمْ ٠ اِشْمَامْ ٠ اِسْكَانْ﴿ ဖြင့်ရပ်နားပုံ၊ ﴾كَيْفِيَّتْ وَقْفْ﴿ခေါ် ရပ်နားရမည့်ပုံသဏ္ဍာန်၊ ﴾مَحَلِ وَقْفْ﴿ ခေါ် ရပ်နားရမည့် နေရာ၊ တစ်ဖန်ရပ်နားရန် 'သင့်/မသင့်'နှင့် စပ်လျဉ်း၍ ﴾حَسَنْ ٠ كَافِيْ ٠ تَامْ﴿ စသည့် ﴾وَقْفْ﴿ နှင့် ပတ်သက်၍သော်လည်းကောင်း၊ ﴾قِرَاتْ﴿နှင့်ပတ်သက်၍ ﴾حَدَرْ ٠ تَدْوِيْرْ ٠ تَرْتِيْلْ﴿ စသည့် ဥပဒေများကို

လည်းကောင်း၊ ﴿حُرُوْفِ شَمْسِيَّهْ﴾ နှင့် ﴿حُرُوْفِ قَمَرِيَّهْ﴾ အကြောင်းများကို လည်းကောင်း၊ ﴿خَتْمِ قُرْاٰنْ﴾ ခေါ် ကျမ်းမြတ်ကုရ်အာန် အဆုံးသတ်ပုံတို့ကိုလည်းကောင်း၊ ﴿صِفَاتْ﴾ နှင့် ပတ်သက်၍ ﴿هَمْسْ · جَهَرْ · شِدَّتْ · رَخْوَتْ · اِنْفِتَاحْ · اِطْبَاقْ · اِصْمَاتْ · اِذْلَاقْ · تَفَشِّىْ · تَكْرَارْ · اِنْحِرَافْ · اِسْتِطَالَتْ · لِيْنَ﴾ တို့ကိုလည်းကောင်း၊ ﴿فَضَائِلِ قُرْاٰنْ﴾ ကျမ်းမြတ်ကုရ်အာန်၏ ထူးမြတ်ပုံ စသည်တို့ကို အခြားကျမ်းကြီးများ၌ ဆက်လက် လေ့လာရန် လိုအပ်သည်။

အမေး ။ ။ ကျမ်းမြတ်ကုရ်အာန်၏ ကြီးကျယ်ထူးမြတ်မှု၊ ဆည်းပူးလိုသည့်ဆန္ဒ၊ ခံစားရမည့် အကျိုးစဝါးဗ်များနှင့်ပတ်သက်၍ အကျယ်တဝင့်သိရှိလိုလျှင် မည်သည့်ကျမ်းစာအုပ်ကို လေ့လာနိုင်ပါသနည်း။

အဖြေ ။ ။ ရှိုင်ခုလ်ဟဒီးဆ် ဟဇရသ် မော်လာနာ ဇကရီယာ ﴿رح﴾ သခင်ကြီး ရေးသားပြုစုခဲ့သော 'ဖွဇာအေလေကုရ်အာန်ကျမ်း' မြန်မာဘာသာပြန်ကို လေ့လာနိုင်ပါသည်။

အမေး ။ ။ သဂျ်ဝီးဒ်ဖြင့် ကျမ်းကျင်စွာ ရွတ်ဖတ်နိုင်သော **'ကာရီ'** ဆိုသည်မှာ အဘယ်သူနည်း။

အဖြေ ။ ။ ဗျည်းအက္ခရာတိုင်းအား မှန်မှန်ကန်ကန်နှင့် မည်သည့်အခက်အခဲမျှ မရှိစေဘဲ ထုတ်ဖတ်နိုင်ခြင်း၊ အက္ခရာတိုင်းကို အချင်းလက္ခဏာပြည့်စုံစွာဖြင့် အလွန်နူးညံ့သိမ်မွေ့တည်ငြိမ်အေးဆေးမှုနှင့် မည်သည့်ခက်ခဲမှုမျှ မရှိဘဲ (သဘောမှာ) မျက်နှာ၌ အမျိုးမျိုးအသွင် သဏ္ဌာန်များဖြစ်ပေါ်နေခြင်း၊ **ဥပမာ** - နဖူးကြောများ ထောင်နေခြင်း၊ မျက်တောင်ခတ်ခြင်း၊ မျက်စိကို အလွန်ပိတ်လိုက် ဖွင့်လိုက်လုပ်ခြင်း၊ နှာခေါင်းဖွထားခြင်း၊ ပါးစပ် နှာခေါင်းများ ရွဲ့စောင်းထားခြင်း၊ နှုတ်ခမ်းနှင့် မသက်ဆိုင်သော အက္ခရာများကို ဖတ်သောအခါ နှုတ်ခမ်း **'ဝိုင်း'**ထားခြင်း၊ မလိုအပ်ဘဲ **'သရ'**များပေး

၍ဖတ်ခြင်း စသည့် ချို့ယွင်းချက်များမှ ကင်းရှင်း ကောင်းမွန်စွာဖြင့် ဖတ်ရွတ်နိုင်သူကိုသာ ကျွမ်းကျင်သော **'ကာရီ'** ဟုခေါ်ပါသည်။ **'မဒ်'**များကို လိုသည်ထက်ပို၍ဆွဲဖတ်ခြင်း၊ နေရာတိုင်းတွင် နှာခေါင်းသံဖြင့်ဖတ်ခြင်း၊ ညည်းသံများ ကြာရှည်စွာလုပ်ခြင်း၊ အသက်တစ်ရှူထဲတွင် (၃ - ၄) အာယသ်မျှ အသက်အောင့်ဖတ်နိုင်ခြင်းဖြင့် ကျွမ်းကျင်သော **'ကာရီ'** ဟု မခေါ်ဆိုနိုင်ပါ။

စတုတ္ထတွဲ ပြီး၏။

(၃၀ . ၅ . ၂၀၀၇)

★ အလ္လာဟ်အရှင်မြတ် အီမာန်ရှင်ကိုင်းအား ကျမ်းမြတ်ကုရ်အာန် ဥာန် ကရီမ်အား ကျကျ ရွတ်ဖတ်နိုင်စွမ်း ချီးမြှင့်တော်မူပါစေ . . ။

★ အိုလမာ - အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်မှ ထုတ်ဝေသော 'ဗေဒါသမုဒ္ဒရာအဘိဓာန်' (၄) တွဲလုံး နှင့်ပတ်သက်၍ အကြံကောင်းများ ပြုလိုပါက အကြံပြုနိုင်သည်။

ကျမ်းမြတ်ကုရ်အာန် ဖတ်သူများအတွက်

" သဂျ်ဝီးဒ်အလင်းပြ "